ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်
စာအမှတ်..................
ရက်စွဲ....................
ရန်ကုန်မြို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
# ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
# ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်

စာအမှတ် ၂-၁ ဆဘ(ခ)၂၀၂၀( ၂၈၆၃ )။
ရက်စွဲ ၂၀၂၀-ခုနှစ်၊ နိုဝင်ဘာလ ( ၅ )ရက်။

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ရန်ကုန်တွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လိုပါ၍ လုပ်ငန်းဆောင်ရွက်လိုသည့် တရားဝင် အသိအမှတ်ပြုလိုင်စင်ရ အဖွဲ့အစည်း/ကုမ္ပဏီ၊ကန်ထရိုက်တာများထံမှအိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **ဆောင်ရွက်ရမည့်လုပ်ငန်း**

**ဘောလုံးကွင်းအလျား၄၆၀ပေအနံ၂၉၀ပေရှိသောခြံစည်းရိုးအား(၇ပေ) ထပ်မံမြှင့်တင်ခြင်း**

(၁) ယခင်မြေဝင် ၃'၊မြေပေါ် ၇' (အလျား ၄၆၀' x အနံ ၂၉၀')အမြင့်ရှိသော လက်ရှိအုတ်တံတိုင်း ထက် ၇'မြင့်ရန် (အုတ်တံတိုင်း အုတ်မြစ်မှာ မြေဝင် ၅' မြေပေါ်အမြင့် ၁၄' ရှိရမည်)

(၂) မြှင့်ရာတွင် အုတ်တိုင်နှင့်သံပန်းဟော်လိုတို့ကိုသုံး၍ လက်ရှိအုတ်တံတိုင်းထက် ၇' မြင့်ရမည် လက်ရှိအုတ်တံတိုင်းအထက်တွင် ၇' အမြင့် သံပန်းစည်းရိုးကာရန်

(၃) ယင်းသံပန်းတွင်ပူးတွဲပါတံခါးတွင် အသုံးပြုထားသောအကာမျိုးဖြင့်ကာရန်(သစ်သားတုဘုတ်)

(၄) ခြံဝင်းတံခါးအဟောင်း(၃)ခုကို ၁၀ အမြင့် Steel တံခါးအသစ်ဖြင့်လဲရန်

(၅) အုတ်တံတိုင်းပြို၍ ပေ ၂၀ x ၁၀ ပေရှိ Steel တံခါးအသစ်(၁)ခုတပ်ရန်

(၆) သံပန်းအုတ်တံတိုင်းခြံစည်းရိုးများကို ဆေးသုတ်ရန် အုတ်တံတိုင်းကို ပူတင်(၂)ထပ်၊ ခံဆေး(၂) ထပ်သုံး၍ UPG Orient Weather Shield (Gloss) နှင့်ဆေးသုတ်ရန်

**<u>အိတ်ဖွင့်တင်ဒါစည်းကမ်းချက်များ</u>**

၁။ အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်တွင် **( ၆-၁၁ -၂၀၂၀ )ရက်** နေ့တွင် စတင်ရောင်းချပါမည်။

၂။ တင်ဒါပုံစံ (၁)စောင်လျှင် ကျပ် (၂၀၀၀ိ/-) (ကျပ်နှစ်ထောင်တိတိ) နှုန်းဖြင့် ဝယ်ယူတင်သွင်းရန်။

၃။ အိတ်ဖွင့်တင်ဒါငွေတန်ဘိုးကို ( ကျပ် ---------- သိန်း)ဖြင့် ဖော်ပြရန် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံတွင် သက်ဆိုင်ရာကုမ္ပဏီ၏ ဥက္ကဋ္ဌ (သို့) အုပ်ချုပ်မှုဒါရိုက်တာ (သို့) ကန်ထရိုက်တာမှ လက်မှတ်ရေးထိုးပေးပို့ရမည်။